# မြန်မာနိုင်ငံ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကြိုးပမ်းမှုများအား ကုလသမဂ္ဂ၊ အီးယူနှင့် အိမ်နီးချင်းမိတ်ဆွေနိုင်ငံများက ပူးပေါင်းပါဝင်လျက်ရှိ

၁။ နိုင်ငံတော်အစိုးရသည် ဆိုင်ကလုံးဒဏ်ကျရောက်ခဲ့သည့် ဒေသများမှပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိပါသည်။ ကုလသမဂ္ဂနှင့် ယင်း၏အဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တစ်သီးပုဂ္ဂလများထံမှ အလှူငွေများအပါအဝင် ဆေးဝါး၊ စားနပ်ရိက္ခာ၊ အဝတ်အထည်၊ ယာယီတဲ၊ သောက်ရေသန့်၊ ရေသန့်စက်နှင့် အမိုးအကာအတွက် ပစ္စည်းများစသည့် အရေးပေါ်အကူအညီများသည် အဆက်မပြတ်ရောက်ရှိလာလျက်ရှိပြီး ယင်းလှူဒါန်းသည့် အရေးပေါ်အကူအညီများကို မုန်တိုင်းဒဏ်သင့်ဒုက္ခသည်များထံသို့ နှောင့်နှေးကြံ့ကြာမှုမရှိဘဲ ပို့ဆောင်ဖြန့်ဝေပေးလျက်ရှိပါသည်။ ဤအမျိုးသားရေးလုပ်ငန်းတွင် တပ်မတော်၊ ဒေသခံပြည်သူများ၊ စေတနာရှင်များ၊ မြန်မာနိုင်ငံမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများသည်လည်း တက်ကြွစွာပါဝင်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံ၏ ဤလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ လူ(၅၀)ဦးစီပါဝင်သည့် အရပ်ဖက်ဆေးဝါးကုသရေးအဖွဲ့(၂)ဖွဲ့သည်လည်းကောင်း၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ လူ(၃၀)ဦးစီပါဝင်သည့် အရပ်ဖက်ဆေးဝါးကုသရေးအဖွဲ့(၃)ဖွဲ့သည်လည်းကောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဖြစ်ပါသည်။ ယင်းအဖွဲ့များသည် မြန်မာနိုင်ငံသို့ မေလ (၁၇)ရက်နေ့တွင် စတင်ရောက်ရှိမည်ဖြစ်ပါသည်။

၃။ ထို့အပြင် ဥရောပသမဂ္ဂမှ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ မဟာမင်းကြီးဖြစ်သူ မစ္စတာလူးဝစ်မီးရှယ်လ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိနေပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပါသည်။

၄။ အလားတူပင် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ကူညီနိုင်ရန်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကုလသမဂ္ဂရုံးမှ အကြီးအကဲဖြစ်သူ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဂျွန်ဟုမ်းမ်သည် မြန်မာနိုင်ငံသို့ မေလ(၁၈)ရက်နေ့တွင် ရောက်ရှိမည်ဖြစ်ပြီး ၄င်းသည် မြန်မာနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံမည်ဖြစ်ပါသည်။

* * *